# အကဲဖြတ်ခြင်းများအတွက် မိဘလမ်းညွှန်

## CMAS (Colorado ပညာရေးအောင်မြင်မှု တိုင်းတာချက်)

အကဲဖြတ်စစ်ဆေးမှုများသည် ကျောင်းသားများ၊ မိဘများနှင့် ဆရာများကို ကျောင်းသားများ ၂၁ ရာစုအတွက် အတန်းအဆင့်စံချိန်စံညွှန်းများကို တတ်ကျွမ်းမှုရှိမရှိနှင့် ဘွဲ့ယူရန်လမ်းကြောင်းပေါ်ရှိမရှိ စသောတန်ဖိုးရှိသော အချက်အလက်များကိုပေးသည်။ ဤအကဲဖြတ်စစ်ဆေးမှု ရလဒ်များသည် သင့်ကလေး၏ပညာရေးတိုးတက်မှုကို သက်သေပြမှုရာတွင် အတိုင်းအတာတစ်ခုကို ပေးရန်ရည်ရွယ်သည်။

## ဤအကဲဖြတ်စစ်ဆေးမှုဟာဘာပါလဲ?

ပညာရေးအောင်မြင်မှု၏ Colorado တိုင်းတာမှုများ (သို့) CMAS သည် ဘာသာစကား ဝိဇ္ဇာပညာ၊ သင်္ချာ၊ သိပ္ပံနှင့် လူမှုရေး ပညာရပ်များအတွက် ထိုပြည်နယ်၏ စုစည်းအကဲဖြတ်စစ်ဆေးမှု ဖြစ်သည်။ CMAS သည် ပြည်နယ်၏ ခိုင်မာသောပညာရေး စံချိန်စံညွှန်းများနှင့် ချိန်ညှိထားပြီး ကျောင်းသားများသည် စံချိန်စံညွှန်းများအတိုင်း ကောင်းစွာလုပ်နိုင်ပြီး သူတို့၏နောက်တက်မည့် အတန်းအတွက် ပြင်ဆင်နိုင်ခြင်းရှိမရှိကို  တိုင်းတာနိုင်ရန် ဖန်တီးထားသည်။

CMAS အကဲဖြတ်စစ်ဆေးခြင်းများကို Colorado ပညာရေးဌာန၊ စစ်ဆေးပေးသော ကန်ထရိုက်တာ Pearson နှင့် Colorado ပညာပေးသူများတို့ ပူးပေါင်းဆောင်ရွက်၍ ဖွံ့ဖြိုးအောင် ပြုလုပ်ထားသည်။

## ကျွန်ုပ်၏ကလေးကို ဘယ်တော့စစ်ဆေးပါမည်လဲ?

**မူလတန်းနှင့် အလယ်တန်းကျောင်း ကျောင်းသားများ**

နွေဦးရာသီတိုင်းတွင် အောက်ပါအတန်းများနှင့် ဘာသာရပ်များတွင် မူလတန်းနှင့် အလယ်တန်းကျောင်းသားများ အတွက် CMAS ကိုပြုလုပ်ပေးသည်။

- အင်္ဂလိပ်ဘာသာစကား ဝိဇ္ဇာ (၃-၈ တန်း)။
    - ၃ တန်းနှင့် ၄ တန်း အင်္ဂလိပ်ဘာသာစကား သင်ယူသူများဟု သတ်မှတ်ထားသူများအတွက် အင်္ဂလိပ်ဘာသာစကား ဝိဇ္ဇာ စစ်ဆေးခြင်းအစား စပိန်ဘာသာစကား ဝိဇ္ဇာ စစ်ဆေးခြင်းကို ပြုလုပ်ပေးသည်။
- သင်္ချာ (၃-၈ တန်း)
- သိပ္ပံ (၅ တန်း နှင့် ၈ တန်း)
- လူမှုရေး ဘာသာရပ်များ (ရွေးချယ်ထားသော ကျောင်းများတွင် ၄ တန်းနှင့် ၇ တန်း)

**အထက်တန်းကျောင်းသားများ**

*၉ တန်းနှင့် ၁၀ တန်း ကျောင်းသားများ*

နွေဦးရာသီတိုင်းတွင် ၉ တန်းနှင့် ၁၀ တန်း ကျောင်းသားများသည် ဘာသာစကား ဝိဇ္ဇာနှင့်သင်္ချာအတွက် PSAT (ပညာရေးပါရမီ အကြိုစစ်ဆေးခြင်း) ကိုဖြေဆိုကြသည်။ ထိုအတန်းများ၌ CMAS အကဲဖြတ်စစ်ဆေးခြင်းများ မရှိပါ။

*၁၁ တန်းကျောင်းသားများ*

နွေဦးရာသီတိုင်းတွင် ၁၁ တန်းကျောင်းသားများသည် အောက်ပါ ပြည်နယ်အကဲဖြတ် စစ်ဆေးခြင်းများကို ဖြေဆိုကြသည် -

- ဘာသာစကား ဝိဇ္ဇာနှင့် သင်္ချာအတွက် SAT (ပညာရေးပါရမီ စစ်ဆေးခြင်း)
- CMAS သိပ္ပံ
- CMAS လူမှုရေး ဘာသာရပ်များ

CMAS သည်အွန်လိုင်းတွင် အကြိုစစ်ဆေးခြင်းဖြစ်ပြီး မတ်နှင့် ဧပြီလများတွင် ပြုလုပ်ပေးသည်။ အချို့သောစစ်ဆေးမှု အချိန်ဇယားကို သိရှိရန် သင့်ကလေး၏ ကျောင်း၌ မေးမြန်းပါ။ ကျောင်းပေါ်လိုက်၍ ရက်နှင့် အချိန်များ ပြောင်းလဲနိုင်သည်။

Colorado ပြည်နယ် အကဲဖြတ်စစ်ဆေးခြင်းသည် ပျမ်းမျှ ၃ နာရီမှ ၆ နာရီအထိကြာပြီး ကျောင်းသားညွှန်ကြားခြင်း ပြီးဆုံးရန် ၁.၅% ထက်လျော့သော အချိန်ယူပါသည်။ အခြား အကဲဖြတ်စစ်ဆေးခြင်းများ အားလုံးကို ဒေသဆောင်ရွက်မှု အဆင့်အလိုက် ဆုံးဖြတ်သည်။

## ကျွန်ုပ်၏ကလေး ဘာအမှတ်(များ)ရမှာလဲ?

သင့်ကလေးသည် စစ်ဆေးသော ဘာသာရပ်အပိုင်း အကဲဖြတ်စစ်ဆေးခြင်း၌ သင့်ကလေး၏ ခြုံငုံစွမ်းဆောင်မှုကို ဖော်ပြရန် စွမ်းဆောင်မှုအဆင့်နှင့် အမှတ်ပါသော ကျောင်းသားစွမ်းဆောင်မှု အစီရင်ခံစာတစ်ခုကို ရရှိမည်။ စံချိန်စံညွှန်းတစ်ခုစီတွင် သင့်ကလေး မည်မျှကောင်းစွာ စွမ်းဆောင်နိုင်သည်ကို ပြသရန် စကေးခွဲအမှတ်များ ပေးထားသည်။

ကျောင်း၊ ခရိုင်နှင့် ပြည်နယ်ပျမ်းမျှများကို အစီရင်ခံစာတွင် ထည့်သွင်းထားသောကြောင့် သင်သည် သင့်ကလေး၏ စွမ်းဆောင်မှုကို အခြားကလေးများ၏ စွမ်းဆောင်မှုနှင့် နှိုင်းယှဉ်နိုင်သည်။

## ဤအမှတ်များကိုဘယ်လိုအသုံးချရမလဲ?

CMAS ရလဒ်များသည် ကျောင်းများ၊ ခရိုင်များ၊ ဆရာများ၊ မိဘများနှင့် အသိုင်းအဝိုင်းများတွင် ကျောင်းသားစွမ်းဆောင်ပုံကို သဘောပေါက်စေသည်။ ရလဒ်များသည် ကောလိပ်နှင့် အလုပ်ခွင်အတွက် ပြင်ဆင်နိုင်သည့် ဘွဲ့ရရန် လမ်းကြောင်းပေါ်တွင် သေချာရောက်စေရန် အဓိကကျသော အချက်ဖြစ်သည့် ကျောင်းသားများ ပညာရေးဆိုင်ရာ မည်သို့တိုးတက်နေသည်ကို ပြသသည်။ ဆရာများသည် CMAS ရလဒ်များကို ကျောင်းသားတစ်ဦးစီ၏ လိုအပ်ချက်နှင့် ကိုက်ညီသည့် ညွှန်ကြားချက်ကို ပိုကောင်းအောင်လုပ်ရာတွင် အသုံးပြုသည်။ ကျောင်းများနှင့် ခရိုင်များသည် CMAS ရလဒ်များကို နောက်နှစ်အတွက် ညွှန်ကြားမှုဆိုင်ရာ အစီအစဉ်များအား ချိန်ညှိမှုများပြုလုပ်ရာတွင် အသုံးပြုသည်။

## ထပ်တိုးအချက်အလက်များ

ကျွန်ုပ်တို့သည် သင့်အား သင့်ကလေး၏ပညာရေးတွင် ပါဝင်ရန်တိုက်တွန်းသည်။ သင့်ကလေးကို အိမ်တွင်ကူညီရန် နှင့် စစ်ဆေးသည့် နေရာထိုင်ခင်းများ ရနိုင်မှုရန် နည်းလမ်းများအတွက် သင့်ကလေး၏ ဆရာကိုဆက်သွယ်ရန် ဝန်မလေးပါနှင့်

**နောက်ထပ် အချက်အလက်များအတွက်- CMSA**
ဝင်ရောက်ပါ -

- http://www.cde.state.co.us/assessment/generalinfo-parents
- စစ်ဆေးခြင်းအစမ်းလေ့ကျင့်မှုများ - https://co.testnav.com

**နောက်ထပ် အချက်အလက်များ - အကဲဖြတ်စစ်ဆေးခြင်းများ**
ဝင်ရောက်ပါ -

- http://assessments.dpsk12.org

အကဲဖြတ်မှုများနှင့်ပတ်သက်၍ သင့်ထံတွင်မေးခွန်း (သို့) ပူပန်စရာများရှိပါက သင့်ကလေး၏ကျောင်းကို တိုက်ရိုက်ဆက်သွယ်ပါ (သို့) မိသားစု ရွေးကောက်တင်မြှောက်သူ ဝန်ဆောင်မှုများ(၇၂၀) ၄၂၃-၃၀၅၄ သို့ခေါ်ဆိုပါ။